ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၃) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက် နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၄၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန် ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ၁၂-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ အစည်း အဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးအေးသာအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဒေါက်တာ ခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) နဲ့ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၈)ဦးရှိပြီး၊ ယနေ့ခွင့်ပန်ကြားသူ(၁၁)ဦး ဖြစ်သည့်အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးအား ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံတည်ဆောက်ခြင်းကို အလျင်အမြန် အကောင်အထည် ဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော် တာတမံတည်ဆောက်ခြင်းကို အလျင်အမြန် အကောင်အထည်ဖော် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်ဇင်းမော် ကျေးရွာဟာ ရသေ့တောင်မြို့နယ်ထဲမှာ ရှိပါတယ်။ ရသေ့တောင်မြို့နယ်ဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ကပ်နေတဲ့အတွက် မုန်တိုင်းဒဏ်ကို မကြာခဏ ဆိုသလို ခံစားရပါတယ်။ ပြီးတော့ ပန်ဇင်းမော်ဒေသဟာ (၇)မိုင်ကျယ်တဲ့ ပင်လယ်ဝကို တည့်တည့် ရင်ဆိုင်နေရတဲ့အတွက် လေလမ်းကြောင်းမှာ ကျရောက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့ တင်ပြပြီး အချိန်အနည်းငယ်တိုးပေးပါခင်ဗျား။ ပြီးခဲ့တဲ့ နှစ်တွေမှာ ဒါကတော့ ပန်ဇင်းမော်က ဒီပင်လယ်ဝနဲ့ တည့်တည့်ရင်ဆိုင်နေရတာဖြစ်ပါတယ်။ လေကြောင်း တည့်တည့်မှာ ရှိနေပါတယ်။ ဒါကလည်း Google ပုံဖြစ်ပါတယ်။ ဘင်္ဂလားပင်လယ်အော် နဲ့တည့်တည့် ရင်ဆိုင်နေရတဲ့ ပန်ဇင်းမော်ရွာရဲ့ အနေအထားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်တွေမှာ ပန်ဇင်းမော်ရွာနဲ့ အနီးတစ်ဝိုက်က ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်ကြီး၊ ဆားပြင်ချေစတဲ့ ရွာတွေမှာ ပင်လယ်ဒီရေတွေ ဝင်လာလို့ လယ်မြေတွေ အမြောက်အမြား ပျက်စီးခဲ့ပါတယ်။ အဲဒါကလည်း နှစ်စဉ် နှစ်တိုင်းလိုလို ဖြစ်နေကြပါ။ နည်းတာနဲ့များတာပဲကွာပါတယ်။ ပင်လယ်ဆားငန်ရေတွေကို မကာကွယ်လို့ ဒီဒေသတစ်ဝိုက်မှာ လယ်ယာမြေစိုက်ဧက တဖြည်းဖြည်းနည်းလာပါတယ်။ ဧကထောင်ချီတဲ့ လယ်ကွင်း

တွေဟာ လယ်ပျက်တွေဖြစ်နေပါပြီ။ ပန်ဇင်းမော်ရွာမှာ လယ်ဧက(၅၀၀)စိုက်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ လယ်ဧက (၃၅၀)ပျက်စီးသွားပါတယ်။ ပန်ဇင်းမော်တာတမံကို တည်ဆောက်ပေးနိုင် ရင် ပျက်နေတဲ့ လယ်ဟောင်း ဧက က (၃၀၀၀)ကျော်ခန့် ပြန်လည်စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ နောက်ထပ် လယ်ဧက(၆၀၀၀)ကျော်ကိုလည်း ဆားငန်ရေအန္တရာယ်ကနေပြီးတော့ အကာအကွယ်ပေး နိုင်မှာ ဖြစ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ပန်ဇင်းမော်တာတမံဟာ မှတ်တမ်းဝင် တာတမံဟောင်းတစ်ခု ဖြစ်ပါ တယ်။ လွန်ခဲ့တဲ့ နှစ်(၄၀)ကတည်းက တည်ရှိခဲ့တဲ့ ဆည်ဖို့ပေးခဲ့တဲ့ တာတမံဖြစ်ပါတယ်။ ပျက်စီးနေတဲ့ ကွန်ကရစ် ရေထုတ်ပြွန်တွေကလည်း ယနေ့တိုင်ရှိနေပါသေးတယ်။ တာတမံတစ်ခုလုံးကို တည်ဆောက် ရန် အခက်အခဲရှိနေရင်လည်း အပိုင်းလိုက် အပိုင်းလိုက် တည်ဆောက်နိုင်ပါတယ်။ လွန်ခဲ့တဲ့ (၂)နှစ်က ငွေကျပ်သိန်း(၆၀၀)ကျော် အကုန်ခံပြီးတော့ ပေ(၁၂၀၀)ရှည်တဲ့ တာတမံတစ်ပိုင်းကို တည်ဆောက် ခဲ့ပါတယ်။ ပြီးတော့ အခုရပ်တန့်ထားပါတယ်။ ပန်ဇင်းမော်ရွာအနီး ကျေးရွာများမှာဆိုရင် မိုးတွင်း ကာလမှာ (၁)လမှာ နှစ်ကြိမ် အိမ်အောက်တွေကို အမြဲတမ်းအန္တရာယ်ရှိတဲ့အတွက် ဥရောပသမဂ္ဂအဖွဲ့ ကနေပြီးတော့ မုန်တိုင်းဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တွေ ဖွဲ့ပြီးတော့ သင်တန်းတွေ ပို့ချထား ပါတယ်။

လွန်ခဲ့တဲ့နှစ် ၂၀၁၅ ခုနှစ်၊ ဇွန်လမုန်တိုင်းမှာ ပန်ဇင်းမော်၊ ဆားပြင်ချေကျေးရွာများဟာ ရေမြုပ်ပြီး စပါး၊ အိုးအိမ်တွေ ပျက်စီးခဲ့ပါတယ်။ လူ(၃)ဦး သေဆုံးခဲ့ပါတယ်။ တာတမံဆည်ဖို့ ဖို့ ပြည်နယ်လွှတ်တော်မှာ (၂)ကြိမ်၊ အမျိုးသားလွှတ်တော်မှာ (၃)ကြိမ် တင်ပြခဲ့သော်လည်း တည်ဆောက် မပေး၍ ဒီလိုကံကြမ္မာမျိုးကို (၃)နှစ်အတွင်းမှာ (၂)ကြိမ် တွေ့ကြုံခံစားခဲ့ရတာ ဖြစ်ပါတယ်။ လယ်ယာ ဆည်မြောင်းဝန်ကြီးဌာနမှလည်း အကောင်အထည်ဖော်ပေး ဆောင်ရွက်သွားမယ်လို့ နှစ်ကြိမ်တိုင်တိုင် ဖြေကြားပြီးခဲ့သော်လည်း ထူးခြားမလာတဲ့အတွက် ယခု အစိုးရသစ်လက်ထက်မှာ ဒေသခံလူထု ကိုယ်စား တတိယအကြိမ်မေးရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ပန်ဇင်းမော်ရွာ အနေအထားပြမြေပုံ (၈)



ပန်ဇင်းမော်ရွာ အနေအထားပြမြေပုံ (၈-၁)




**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာအောင်သူ (ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ရသေ့တောင်မြို့နယ်၊ ပန်ဇင်းမော်တာတမံ တည်ဆောက်ခြင်းကို အလျင်အမြန် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ စပ်လျဉ်းခြင်းကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်မှာရှိတဲ့ ပန်ဇင်းမော်ရေငန်တား တာကို ၁၉၈၅ ခုနှစ်မှာ ဆည်မြောင်းဦးစီးဌာနမှ ကျေးရွာဆည်မြောင်းလုပ်ငန်းတစ်ခုအနေဖြင့် တည်ဆောက်ပေးခဲ့ပြီး ကျေးရွာမှ ထိန်းသိမ်းထားတဲ့ ရေငန်တားတာ လယ်သမားတာတစ်ခု ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်တွင်ရှိတဲ့ ဒေသမှ ထိန်းသိမ်းထားတဲ့ ရေငန်တားတာ (၃၉၄)ခုအနက် (၁)ခု အပါအဝင်ဖြစ်ပြီး ပန်ဇင်းမော်၊ ကံပြင်၊ ကပ်ချောင်း၊ ညောင်ပင်ကြီး၊ ဆားပြင်ချေ၊ မြင်းကန်းချောင်းကျေးရွာများမှ လယ်ယာမြေ (၄၀၀၀) ဧက

ခန့်ကို ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်ရန် တည်ဆောက်ထားခြင်းပဲ ဖြစ်ပါတယ်။ ပန်ဇင်းမော်ရေငန်တားတာဟာ အလျား(၂၈၄၀၀)ပေရှည်လျားပြီး ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ၎င်းရေငန်တားတာကို ပြန်လည်ပြုပြင်ပေးနိုင်ရေးအတွက် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း(၅၈၀)တင်ပြတောင်းခံခဲ့သော်လည်း ကျပ်သန်း(၁၉.၇၃)သာ ရရှိခဲ့တဲ့အတွက် တာအလျား(၁၇၀၀)ပေကိုသာ ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်များမှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ တင်ပြတောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေ ကန့်သတ်လျော့ချမှုများကြောင့် ခွဲဝေရရှိခဲ့ခြင်း မရှိခဲ့ပါ။

အဆိုပါ ပန်ဇင်းမော်ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်ရန်ပုံငွေဖြစ်တဲ့ ကျပ်သန်း(၆၂၃)သန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်မှာ ရခိုင်ပြည်နယ်အစိုးရ မူလရန်ပုံငွေမှာ တင်ပြတောင်းခံခဲ့ရာ လျာထားရရှိပြီးဖြစ်တဲ့အတွက် ရန်ပုံငွေရရှိတာနဲ့ တစ်ပြိုင်နက်တည်းလုပ်ငန်းများကို အလျင်အမြန် စတင်ဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နယ်စပ်ရေးရာဝန်ကြီးဌာနက "ငြိမ်း" အစီအစဉ်ဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းတစ်ခုအား ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က နယ်စပ်ရေးရာဝန်ကြီးဌာနက "ငြိမ်း" အစီအစဉ်ဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းတစ်ခုအား ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဖလမ်းမြို့နယ်အတွင်းရှိ အိုင်ကွန်-အိုင်ရဲဘွာလ်-ကြောင်းသွေ့-ကော့ဆဲ(၁၃)ရွာဖြတ် (၃၉)မိုင် ကျေးရွာချင်းဆက်လမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနက ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် တစ်ကြောင်းထိုးလမ်းဖောက်ပေးခဲ့ပါတယ်။ ဤဒေသသည် မြေဆီလွှာ ကောင်းမွန်သည့် နေရာဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းနှင့် စီးပွားရေး အစစအရာရာတွင် အခြားဒေသများထက် များစွာ နောက်ကျနေခဲ့ပါတယ်။ ၎င်းလမ်းအား (၁၈)ပေ အကျယ်လမ်းဖောက်လုပ်ပေးနိုင်ပါက အိန္ဒိယဘက်နဲ့ ဖလမ်းမြို့ဘက် ပြည်မဘက်သို့

အဖက်ဖက် ကုန်သွယ်မှုများ ပြုလုပ်လာနိုင်ကြမှာဖြစ်ပြီး သူတို့၏ ဖွံ့ဖြိုးတိုးတက်မှုများ များစွာ အထောက်အကူ ပြုလာနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဤလမ်းအား (၁၈)ပေအကျယ် လမ်းတာချဲ့ခြင်း။ (၅)ပေ သံကူကွန်ကရစ်ရေပြွန် (၆၆)စင်း လုပ်ဆောင်ခြင်း။ (၁၀)ပေအရှည် သစ်သားတံတား(၃)စင်း တည်ဆောက်ပေးခြင်း။ (၂၅)ပေ အရှည် သစ်သားတံတား(၂)စင်းတည်ဆောက်ခြင်းနှင့် (၅၀)ပေအရှည် သစ်သားတံတား(၁)စင်း တည်ဆောက်ခြင်းများကို အပိုင်းလိုက်ဖြစ်စေ၊ တစ်ပြိုင်နက်တည်းဖြစ်စေ နယ်စပ်ရေးရာဝန်ကြီးဌာနက "ငြိမ်း" အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ သီးသန့် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ်များ ရှိ/မရှိ ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ သီးသန့် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာန များမှ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ်များ ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသ၏အခြေအနေကို ဗီဒီယိုဖိုင်ဖြင့် တင်ပြခွင့်ပြု ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ နယ်စပ်ရေးရာ ဒုတိယဝန်ကြီး၊ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ကိုးကန့်ဒေသတွင်ဖြစ်ပွားခဲ့သော စစ်ပွဲများကြောင့် နေအိမ်များ စွန့်ခွာထွက်ပြေးခဲ့ရသော စစ်ဘေးရှောင် ပြည်သူများ၏ အိုးအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် မေးခွန်းများကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။


လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၉-၂-၂၀၁၅ ရက်နေ့မှ စတင်၍ ပြည်တွင်းစစ်ပွဲကြီးများ ဖြစ်ပွားခဲ့ပြီး ရွာပေါင်း(၂၆)ရွာခန့် ပြည်သူများသည် နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးခဲ့ရပါသည်။ ကိုးကန့်ဒေသ တွင် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသော စစ်ရှောင်ပြည်သူအိမ်ထောင်စု (၁၄၀၀)အတွက် ယခု အချိန်တွင် နေထိုင်စရာအိုးအိမ်များ တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ လူထု ခေါင်းဆောင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလို နေ့စဉ်ငြိမ်းချမ်းရေးမရသည့်အတွက် ဒုက္ခခံနေရတဲ့ မိမိတို့

နိုင်ငံသူ၊ နိုင်ငံသားများအတွက် (၁)ရက်စီ (၂၄)နာရီသည် နည်းတဲ့အချိန် မဟုတ်ပါ။ မခံစားရသူများအတွက် (၂၄)နာရီအချိန်သည် ဘာမှမဟုတ်ပေမယ့် ကိုယ်ချင်းစာစိတ်နဲ့ စဉ်းစားပြီး ဆောင်ရွက်ကြမှသာလျှင် အမှန်ကန်ဆုံးဖြစ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုးကန့်ဒေသအတွင်းရှိ လုပ်ငန်းရှင်ကုမ္ပဏီများမှ မြေများကို (၁)ဧကလျှင် ကျပ်သိန်း(၆၀)နှုန်းဖြင့် ဧက(၂၀၀)ကို ကျပ်သိန်းပေါင်း(၁၂၀၀၀)ဖြင့် ဝယ်ယူ၍ နေအိမ်များ ဆောက်လုပ်နေရာချထားပေးသွားမှာ ဖြစ်ပါတယ်။ နေအိမ်များ ဆောက်လုပ်ပေးနိုင်ရန်အတွက် ခွင့်ပြုငွေများလိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ စစ်ဘေးရှောင်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးနဲ့ အိုးအိမ်များ ဆောင်ရွက်ပေးနိုင်မှု အစီအစဉ်များကို သိလိုပါတယ်။

မေးခွန်း(၁) နိုင်ငံတော်သမ္မတကြီး၏ သီးသန့်ရန်ပုံငွေဖြင့် ကိုးကန့်ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ခွင့်ပြုဆောင်ရွက်ပေးမည့် အစီအစဉ်များကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

စစ်ဘေးရှောင် ဒုက္ခသည်ပြည်သူများအတွက် ကာကွယ်ရေးဝန်ကြီးဌာနသို့ အကူအညီတောင်းခံသည့် အစီရင်ခံစာပုံ (ဃ)


ကာကွယ်ရေးဝန်ကြီးဌာန
နေပြည်တော်

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၄ )ရက်

အကြောင်းအရာ။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ဒုက္ခသည်များနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံ တင်ပြခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် အတွင်းရှိ တာဟုန်မှုဆု၊ တာချောက်တီ၊ ဟုတ်ကြီးတုံး၊ ရှင်ထုတ်ကျိုင်း၊ ဟုန်ညီထန်၊ ပီကျန်ရွှေ၊ ဝမ်ညီကျွင်၊ တာကန်ထန်၊ ဆင်းရွှေထန်၊ ခုတ်ထန်၊ လာပါထန်၊ ပန်ဝိုင်၊ မာလီလင်၊ တာတုံ၊ ကွန်ကွမ်ပါ၊ တာဟုန်တွေး၊ ရှောက်ကန်ထန်၊ ရင်းဆင်းစသည့်ကျေးရွာပေါင်း(၁၈)ရွာရှိ ဒေသခံစစ်ဘေးရှောင်ဒုက္ခသည်ပေါင်း (၈၀၀၀)ဝန်းကျင်ခန့်မှ မိမိတို့ဇာတိရပ်ရွာသို့ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်လိုကြကြောင်း သိရှိရပါသည်။

၂။ ယခုလက်ရှိအခြေအနေတွင် နယ်မြေတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအားကောင်းလာပြီဖြစ်ပါသဖြင့် တင်ပြပါစစ်ဘေးရှောင်ဒုက္ခသည်များ မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လိုအပ်သည်များကို ကြီးကြပ်လမ်းညွှန်မှုများပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

ဦးကျော်နိုင်နိုင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
လောက်ကိုင်မြို့နယ်

စစ်ဘေးရှောင် ပြည်သူများအတွက် ထောက်ပံ့နေသည့် မြင်ကွင်းပုံ (ဃ-၁)



စစ်ဘေးရှောင် ပြည်သူများအတွက် ထောက်ပံ့နေသည့် မြင်ကွင်းပုံ (ဃ-၂)



စစ်ဘေးရှောင် ပြည်သူများအတွက် ထောက်ပံ့နေသည့် မြင်ကွင်းပုံ (ဃ-၃)




**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်က တော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ ပထမမေးခွန်းမှာ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနက " **ငြိမ်း"** အစီအစဉ်ဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းတစ်ခု အား ဖောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ရဲ့ ဖလမ်းမြို့နယ်တွင်း ကျေးရွာချင်းဆက် လမ်းတစ်ခုကို ဖောက်လုပ် ပေးနိုင်ပါရန် မေးမြန်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံးက တာဝန်ရှိသူများရဲ့ မြေပြင်ကွင်းဆင်း စိစစ်ချက်အရ မေးမြန်းချက်ပါ အိုင်ကွန်- အိုင်ရဲဘွာလ်- ကြောင်းသွေ့-ကောဆဲ ကျေးရွာချင်းဆက်လမ်း (၃၉)မိုင်ပေါ်မှာ ကျေးရွာပေါင်း(၁၃)ရွာတည်ရှိပါတယ်။

စုစုပေါင်း အိမ်ထောင်စု(၄၁၁)ရှိပြီးတော့ လူဦးရေ(၄၀၀၀)ကျော်နေ ထိုင်လျက်ရှိပါတယ်။ အဆိုပါ ဒေသဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် အခြားဒေသတို့နှင့် နှိုင်းယှဉ်ပါရင် စီးပွားရေး၊ လူမှုရေး များစွာနောက်ကျကျန်နေလျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ကျေးရွာချင်းဆက်လမ်းကိုဖောက်လုပ်ပေးခြင်းဖြင့် ချင်းပြည်နယ်၊ ဖလမ်းမြို့နဲ့ အိန္ဒိယ နယ်စပ်သို့ ကူးသန်းသွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုး တိုးတက်မှုကို များစွာ အထောက်အကူပြုစေနိုင်မှာ ဖြစ်ပါတယ်။ ၎င်းလမ်းကိုဖောက်လုပ်ရန်အတွက် ဆောင်ရွက်ပေးမယ့် လုပ်ငန်းများကတော့ မြေလမ်း(၃၉)မိုင်ကို (၁၈)ပေအကျယ် လမ်းတာချဲ့ခြင်း၊ ၎င်းလမ်းပေါ်မှာ(၅)ပေ သံကူကွန်ကရစ် (၆၆)စင်း၊ (၁၀)ပေ သစ်သားတံတား (၃)စင်း၊ (၂၅)ပေ သစ်သားတံတား(၂)စင်းနှင့် (၅၀)ပေ သစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း စိစစ်တွေ့ ရှိရပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဖလမ်းမြို့နယ်အတွင်းမှာရှိတဲ့ အိုင်ကွန်-အိုင်ရဲဘွာလ်-ကြောင်းသွေ့ - ကောဆဲ (၁၃)ရွာဖြတ် ကျေးရွာချင်းဆက်လမ်း (၃၉)မိုင်အနက် မိုင်တိုင်(၀/၀)မိုင်မှ (၁၃/၀)မိုင်အထိ (၁၈)ပေအကျယ် လမ်းတာချဲ့ခြင်း (၁၃)မိုင်၊ (၅)ပေ သံကူကွန်ကရစ် ရေထုတ်ပြွန် (၃၇)စင်း၊ (၁၀)ပေ သစ်သားတံတား (၁)စင်းတို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငြိမ်းချမ်းရေးနှင့် တည်ဆောက်ရေးရန်ပုံငွေမှ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။

ကျန်ရှိတဲ့လုပ်ငန်းများဖြစ်တဲ့ မိုင်တိုင်(၁၃/၀)မိုင်မှ (၂၆/၀)မိုင်အထိ (၁၈)ပေအကျယ် လမ်းတာချဲ့ခြင်း (၁၃)မိုင်၊ (၅)ပေ သံကူကွန်ကရစ် ရေထုတ်ပြွန်(၂၀)စင်း၊ (၁၀)ပေ သစ်သားတံတား (၂)စင်း၊ (၂၅)ပေ သစ်သားတံတား (၂)စင်း တို့ကိုလည်းကောင်း၊ မိုင်တိုင် (၂၆/၀)မိုင် မှ (၃၉/၀)မိုင် အထိ (၁၈)ပေအကျယ် လမ်းတာချဲ့ခြင်း(၁၃)မိုင်၊ (၅)ပေ သံကူကွန်ကရစ်ရေထုတ်ပြွန်(၉)စင်း၊ (၅)ပေ သစ်သားတံတား(၁)စင်းတို့ကိုလည်း အပိုင်းနှစ်ပိုင်းခွဲပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလ ခွင့်ပြု ရန်ပုံငွေမှစပြီးတော့ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေခွင့်ပြုဝင်ဆံ့မှုနှင့်အညီ ဘဏ္ဍာရေးနှစ် အလိုက် အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဆက်လက်ပြီး ဒုတိယမေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ရဲ့ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ခွင့်ပြု ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဝန်ကြီးဌာနအသီးသီးရဲ့ ကိုးကန့် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေများကို အဆိုပါ ဝန်ကြီးဌာနများရဲ့ ကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

ကိုးကန့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနအပါအဝင် သက်ဆိုင် ရာဝန်ကြီးဌာနအသီးသီးက စီမံကိန်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက် ပေးခဲ့မှုအခြေအနေများကို အချိန်ငဲ့ညှာသောအားဖြင့် အသေးစိတ် ပြန်လည်ရှင်းလင်းတင်ပြခြင်း မပြု

တော့ဘဲ အနာဂတ်မှာ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအမံများကိုသာ ရှင်းလင်းတင်ပြသွားမည် ဖြစ်ကြောင်း ဦးစွာပထမ ရှင်းလင်းတင်ပြလိုပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြေလမ်း(၂၅)မိုင်၊ ကျောက်လမ်း(၁၈)မိုင်နဲ့ ကျေးရွာ(၄)ရွာ လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများကို ရန်ပုံငွေကျပ် (၁၈၀၉.၅၂၉)သန်းဖြင့်လည်းကောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ တင်ပြခဲ့တဲ့ လောက်ကိုင်မြို့ရှောင်လမ်း(၂)မိုင်(၄)ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ ဆီအောရေထွက်-မန်ချူးရွာသစ်(၅)မိုင် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းတို့ကို စုစုပေါင်း ရန်ပုံငွေကျပ်(၃၀၇.၅၀၇၅)သန်းဖြင့်လည်းကောင်း လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ်တွင် ကိုးကန့်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းအရှည် (၈)မိုင်၊ ရေထုတ်ပြွန် (၁၉)စင်း၊ လက်တူးတွင်း (၂)တွင်းနှင့် စိမ့်စမ်းရေသွယ်(၁၂)ခုတို့ကို ရန်ပုံငွေကျပ် (၅၉၈.၉၄၂)သန်းဖြင့် ဆောင်ရွက်ပေးရန် လျာထားပါကြောင်း သိရှိရပါတယ်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကိုးကန့်ဒေသဖွံ့ဖြိုးရေးအတွက် လောက်ကိုင်မှာ GSM စခန်း(၃)ခု ဖွင့်လှစ်ထားရှိတဲ့အပြင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.Ltd, တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ဆက်သွယ်ရေး ကွန်ယက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်(၃)အရ လောက်ကိုင်ဒေသမှာ GSM UMTS စခန်း တစ်ခုအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလကုန်ခန့်တွင် တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပြီး 3G စနစ်ကို လည်းတိုးချဲ့ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လည်း ကိုးကန့်ဒေသအတွင်းသို့ ဓာတ်အားမှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် တာမိုးညဲ-လောက်ကိုင် (၆၆)ကေဗွီဓာတ်အားလိုင်းနှင့် လောက်ကိုင်ဓာတ်အားခွဲရုံတို့ကို နောင်လာမည့်ဘတ်ဂျက် တွင် ထည့်သွင်းလျာထား၍ ဘတ်ဂျက်ရရှိမှုအရသော်လည်းကောင်း၊ နယ်မြေအခြေအနေအရသော် လည်းကောင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လောက်ကိုင်မြို့နယ် အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတစ်ကျောင်းမှာ ကျောင်းဆောင်သစ်ထပ်မံဆောက်လုပ်ပေးနိုင် ရန်အတွက် ငွေကျပ်(၂၃.၄၀)သန်းကို ထည့်သွင်းလျာထားပါကြောင်းနှင့် သင်ကြားရေး ဆရာ/ဆရာမ များကိုလည်း အချိန်မီစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စစ်ဘေးရှောင် ပြည်သူများအား ပြန်လည်နေရာချထားမည့်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားမှုမရှိစေရန်ဆောင်ရွက်ခြင်း၊ ဒေသတွင်း တာဝန်ချထားသောကျန်းမာရေးဝန်ထမ်းများကို သင်တန်းပို့ချခြင်း၊ ပြည်သူလူထုအား ကျန်းမာရေး

အသိပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ခြင်း လုပ်ငန်းများကို စီစဉ်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်းသိရှိရပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လောက်ကိုင်-ကုန်းကြမ်းလမ်းမှာ ကတ္တရာလမ်းသစ်ခင်းခြင်း၊ (၂)မိုင် (၁) ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၆)မိုင်(၃)ဖာလုံ၊ ကတ္တရာလမ်းနိမ့်မြင့်ညှိခြင်း (၅)မိုင် (၂)ဖာလုံ၊ ကျောက်စီမြေကာနံရံပြုလုပ်ခြင်း (၆၀၀)ပေ၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်း (၆၀၀)ပေ စသည့်လုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ် (၈၄၀.၃၈၃)သန်း ဖြင့်လည်းကောင်း၊ ချင်းရွှေဟော်-လောက်ကိုင်လမ်းမှာ (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း(၁)မိုင်၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၁)မိုင်၊ ကတ္တရာလမ်းနိမ့်မြင့်ညှိခြင်း(၆)မိုင် (၆)ဖာလုံ၊ (၃၄)ပေအကျယ် မြေသားလမ်းချဲ့ခြင်း (၆)ဖာလုံ၊ တံတားနှင့်ရေပြွန်တည်ဆောက်ခြင်း(၅)စင်း၊ ကျောက်စီရေမြောင်းပြုလုပ်ခြင်း(၁၆၅၀)ပေ လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ပြည်နယ်ရန်ပုံငွေကျပ်(၄၀၁.၄၆၂)သန်းဖြင့်လည်းကောင်း၊ လောက်ကိုင်-ရန်လုံကျိုင်းလမ်းတွင် ကတ္တရာလမ်းနိမ့်မြင့်ညှိခြင်း (၅)ဖာလုံ၊ ရေပြွန်တည်ဆောက်ခြင်း(၁)စင်း စသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်နယ်ရန်ပုံငွေကျပ်(၂၆.၃၂၅)သန်းဖြင့်လည်းကောင်း၊ တာရွှေထန်-ကြာစီရှူးလမ်းတွင် ကျောက်ချောလမ်းခင်းခြင်း (၂)မိုင် (၇)ဖာလုံနဲ့ တံတားနှင့်ရေပြွန် တည်ဆောက်ခြင်း(၂)စင်း စသည့်လုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ် (၁၄၅.၅၀)သန်းဖြင့်လည်းကောင်း၊ တာရွှေထန်-တာပါးလမ်းတွင် ကျောက်ချောလမ်းခင်းခြင်း (၇)မိုင် (၄)ဖာလုံ၊ (၃၄)ပေအကျယ် မြေသားလမ်းချဲ့ခြင်း(၅)မိုင်၊ အမာခံလမ်းခင်းခြင်း(၅)မိုင်၊ တံတားနှင့်ရေပြွန် တည်ဆောက်ခြင်း (၁၅)စင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်နယ်ရန်ပုံငွေကျပ် (၉၃၅.၇၀)သန်း ဖြင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ မှာ ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော ချင်းရွှေဟော်-လောက်ကိုင်လမ်း မိုင်တိုင်အမှတ်(၅/၃)နှင့် (၅/၄) အတွင်း (၅)ပေ ရေထုတ်ပြွန် (၁)စင်း တည်ဆောက်ခြင်းအတွက် ရန်ပုံငွေကျပ်(၇.၅)သန်း၊ (၁၈)မိုင်လမ်းဆုံ (တာရွှေထန်) - တာပါးလမ်း၊ မိုင်တိုင်အမှတ်(၀/၀)နှင့် (၇/၄)အတွင်း (၅)ပေ ရေထုတ်ပြွန် (၁၅)စင်းအတွက် ရန်ပုံငွေကျပ်(၁၂၅) သန်းအား ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ ကိုးကန့်ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေမှာ လွှဲပြောင်းကျခံသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအပိုင်း ၄၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)၊ အပိုဒ်ခွဲငယ်(၁) တွင် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ အပိုဒ်ခွဲငယ်(၂) တွင် ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊ အပိုဒ်ခွဲငယ်(၃)တွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း ဟူ၍လည်းကောင်း၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ခ)တွင် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၄၊ ပုဒ်မခွဲ(ဂ)တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည်

သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့် အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်ဟုလည်း ကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကိုက်ညီပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့် အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုးကန့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် မိမိတို့ကဏ္ဍ အလိုက်၊ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုနှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ကိုးကန့်ဒေသဖွံ့ဖြိုးရေး အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်လိုသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို လုပ်ထုံး လုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတထံသို့ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့် ပြုပါရန်လေးစားစွာ တင်ပြအပ်ပါတယ်။ ဖြေကြားပေးခဲ့တဲ့ ဒုတိယဝန်ကြီးကိုလည်း ကျွန်တော်တို့ ကိုးကန့်ဒေသရဲ့ကိုယ်စား ကျွန်တော် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ကျွန်တော် ပြောကြားလိုပါ တယ်။ ကျွန်တော်တို့ ခုနက ကျွန်တော်တို့ မေးခွန်းထဲမှာ ထည့်သွင်းပြောကြားခဲ့သလို နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်လမ်းညွှန်မှာကြားသွားသလိုဆိုရင် ကျွန်တော်တို့ ကိုးကန့်ဒေသမှာရှိတဲ့ ဒုက္ခသည် တွေဟာ ရက်ပေါင်း(၄၀၀)ကျော် ဖြစ်ပြီပေါ့ခင်ဗျာ။ ကျွန်တော်တို့ နာရီပေါင်းနဲ့တွက်လို့ရှိရင် ကျွန်တော်တို့ တစ်သောင်းကျော် ဒုက္ခရောက်ခဲ့ပြီး ယခုတိုင် အိုးမဲ့အိမ်မဲ့ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်အနေနဲ့ အိုးအိမ်(၁၄၀၀)များ တည်ဆောက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိနဲ့ ဒုက္ခသည်များကို မိမိအိမ်၊ မိမိ ဇာတိသို့ မည်သည့်အချိန်တွင် ပို့ပေးနိုင်မည်ကို သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီးအနေနဲ့ ချက်ချင်း ဖြေကြားနိုင်မယ်ဆိုရင် ဖြေကြားနိုင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဗိုလ်ချုပ်သန်းထွင်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန)။** ။ စောစောက ရှင်းတဲ့ အထဲမှာလည်း ပါသွားပြီးပါပြီခင်ဗျ။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့အနေနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်လိုတဲ့ ပြန်လည်ထူထောင်ရေးကိစ္စဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်း နှင့်အညီ ကျွန်တော်တို့ သမ္မတထံ တင်ပြဆောင်ရွက်နိုင်ပါတယ်ဆိုတာ ကျွန်တော်တို့ ရှင်းလင်း ဖြေကြားပြီး ဖြစ်ပါတယ်ခင်ဗျ။ ဒီဥစ္စာလည်း ကျွန်တော်တို့ သူ့ရဲ့ ဟိုမှာလည်းပါထားပြီးသားဖြစ်ပါတယ် ခင်ဗျ။ ဒါကြောင့်မို့ ကျွန်တော်သူ စောစောက ကိုးကန့်ကဖြေတဲ့မေးခွန်းကို အချို့ဟာတွေကျတော့

ကျွန်တော် ပြန်လည်စိစစ်ပြီးတော့ စာနဲ့ ကျွန်တော် ပြန်လည်တင်ပြပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဒေါ်နွယ်နွယ်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်**

**ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၉၅

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်

၁။ ပြည်သူ့လွှတ်တော်က နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၉-၅-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။ အဲဒီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ၁၁-၅-၂၀၁၆ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။ ကျွန်မတို့ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်တွေ ကတော့ -

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီး လိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ယင်းဥပဒေသည် ယခုခေတ်ကာလ အခြေအနေနှင့် ကိုက်ညီခြင်းမရှိတော့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များကို အခန်း(၈)တွင်လည်းကောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များကို အခန်း(၁၁)တွင်လည်းကောင်း ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီဥပဒေမှာ အရေးပေါ် အခြေအနေသက်ရောက်တဲ့ နယ်မြေဒေသနှင့် အချိန်ကာလကိုဖော်ပြထားခြင်း၊ အဲဒီဒေသတွင် နေထိုင် သော နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ရပ်ကို လိုအပ်သလို ကန့်သတ်ခြင်း၊ ရပ်ဆိုင်းခြင်းတို့ ပါဝင်ပြီးတော့ အဲဒီအမိန့်ကို ဖောက်ဖျက်ပါက ရာဇသတ်ကြီးပါ ပုဒ်မတစ်ခုခုနှင့် အရေးယူနိုင်ခြင်းတို့ကို ပြဋ္ဌာန်းထားပါတယ်။ အဲဒီအချက်တွေဟာ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေး ကို ကာကွယ်စောင့်ရှောက်ပေးတဲ့ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေခြင်းအတွက်ကြောင့် ပြည်သူ့ လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကော်မတီ၏ သဘောထားမှတ်ချက်အနေနဲ့ကတော့ -

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလို သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက် သွားနိုင်ပါရန် အစီရင်ခံစာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာတဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၇-၅-၂၀၁၆ ရက် (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၄) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၀း၃၈ နာရီအချိန်တွင် ရပ်နားပါသည်။]